
မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

***Enjoy free reading from B.C.F. ___ Volume 18 / Issue 8 /August / 2025***

## Bible Sunday
## August 31, 2025




2 Timothy 3:16

All Scripture is God-breathed and is useful for teaching, rebuking, correcting and training in righteousness,

တိမောသေသြဝါဒစာဒုတိယစောင်။ ၃း၁၆။
ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သော သူဖြစ်မည်အကြောင်း၊ ... ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။

သမ္မာကျမ်းစာသည် သန့်ရှင်းသောဝိညာဉ်တော် မှုတ်သွင်းခြင်းခံရသော ‘ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြစ်သည်’ ဟု ခရစ်ယာန်အများက ယုံကြည်ကြသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း၊ သမ္မာကျမ်းစာကို နေ့ညမပြတ် ဖတ်ရှုလေ့လာပြီး၊ သမ္မာကျမ်းစာ၌ မွေ့လျော်ခြင်းအားဖြင့် ဘုရားသခင်ထံတော်ပါးမှ အံ့ဩဖွယ် အကျိုးကျေးဇူးများကို ရရှိခံစားရကြလိမ့်မည်။

## *2025 August, Sunday Worship Programs:*

2025
**August**

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

***August 3, 2025 … Holy Communion Sunday***
***August 10, 2025 … Regular Worship Service***
***August 17, 2025 … Regular Sunday Worship Service***
***August 24, 2025 … B.C.F Senior Sunday Worship Service***
***August 31,2025 … Bible Sunday Worship Service***
***** Special Guest Speaker: Rev. Mahn Tun Than*****

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# BCF FAMILY PICNIC




**Date ... August 9, 2025. Saturday**

**Time ... 9:30 AM**

**Place ... Peter F. Schabarum Regional County Park**
**17250 E. Colima Rd. Hacienda Heights,**
**CA 91745**

==================================================

# BCF YOUTH PICNIC



**Date ... August 30, 2025. Saturday**

**Time ... 11:00 AM**

**Place ... Huntingtan Beach, California.**

# စည်းလုံးညီညွတ်၍ ဖွဲ့၊ လုံ့လ၊ ဝီရိယ ရှိသော လူငယ်များ

ရွေကျမ်းချက်၊–(မာကု။ ၂း၁–၅၊၁၁) ရေး၊– John Ma

ကိုယ်တော်သည် ကပေရနောင်မြို့သို့ ဝင်ပြန်၍ အိမ်၌ရှိတော်မူသည်ကို ကြားကြလျှင်၊ တံခါးပြင်နားမှာ နေစရာမရှိနိုင်အောင် လူများတို့သည် အလျှင်အမြန် စုဝေးကြသည်ဖြစ်၍၊ သူတို့အားတရားဟောတော်မူ၏။ ထိုအခါ လူလေးယောက်တို့သည် လက်ခြေသေသောသူတစ်ယောက်ကိုထမ်း၍၊ အထံတော်သို့ ဆောင်ခဲ့ကြ၏။ လူစုဝေးလျက်ရှိသောကြောင့် ကိုယ်တော်ရင်းသို့ မချဉ်းကပ်နိုင်သဖြင့်၊ ကိုယ်တော်ရှိရာ အပေါ်မှာ အမိုးကို ဖောက်ထွင်းပြီးမှ လူနာနှင့်တကွ အိပ်ရာခုတင်ကိုလျှော့ချကြ၏။ ယေရှုသည် ထိုသူတို့၏ ယုံကြည်ခြင်းကို မြင်လျှင်၊ လက်ခြေသေသောသူအား၊ ငါ့သား၊ သင်၏အပြစ်ကို လွှတ်စေပြီဟု မိန့်တော်မူ၏။ ....... ထလော့၊ ကိုယ်အိပ်ယာကို ဆောင်၍ကိုယ်အိမ်သို့ သွားလော့ဟု သင့်အား ငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။

ထိုသူသည်လည်း ချက်ခြင်းထ၍ အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ ရှေ့မှာ ထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေဝေခြင်းရှိ၍၊ ဤကဲ့သို့ တခါမျှ မမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။



တခါက၊ သခင်ခရစ်တော်သည် ကပေရနောင်မြို့၏ အိမ်တစ်အိမ်သို့ ရောက်ရှိလာ၍၊ တရားဒေသနာ ဟောကြားတော်မူ၏။ တရားနာသောသူများ အလွန်များပြားလာသဖြင့် အိမ်၏တံခါးအပြင်ဘက်မှာ ခြေချစရာပင်မရှိအောင် လူအများ စုဝေးလာကြသည်။ ထိုသို့လူအုပ်ကြီး၏ဝန်းရံပိတ်ဆို့နေမှုကြောင့် လက်ခြေသေနေသောသူတစ်ယောက်ကို ထမ်းလာသော လူလေးယောက်တို့သည် ထိုသူကို သခင်ခရစ်တော် ထံသို့ ရောက်အောင် မပို့ဆောင်နိုင်ပါ၊ သို့သော်လက်မြှောက်အရှုံးမပေး။ စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ။ ခရစ်တော်ရှိရာ အိမ်၏ခေါင်မိုးပေါ်သို့

တက်၍၊ အမိုးကိုဖေါက်ထွင်းပြီးမှ စည်းလုံးညီညွတ်လျက် ဖွဲ၊လုံ့လ၊ဝိရိယ စိုက်ထုတ်ကာ၊ လက်ခြေသေနေသောသူကို အိပ်ယာနှင့် တတူတကွ ခရစ်တော်၏ ရှေ့မှောက်သို့ မရောက် ရောက်အောင် ပို့ဆောင်ပေးသောကြောင့် ဤလူလေးယောက်တို့၏ ယုံကြည်ခြင်းမှာ စံတင်လောက်ပေ၏။ ထိုသို့ ယုံကြည်ခြင်းကြောင့် လက်ခြေသေနေသော လူနာသည် လုံးဝပျောက်ကင်းကာ၊ ထ၍ လျှောက်သွားသည်ဆိုသည့် ဖြစ်ရပ်မှန်တစ်ခုကို သမ္မာကျမ်းစာတော်မြတ်၌ တွေ့နိုင်ပါသည်။

ထိုနည်းတူ၊ တပည့်တော်များဖြစ်ကြသော လူငယ်အပေါင်းတို့ သင်တို့အပေါင်းသည် အချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိဘဲ။ “စည်းလုံးညီညွတ်၍..ဖွဲ၊လုံ့လ၊ဝိရိယ.. ရှိသောယုံကြည်ခြင်း” ဖြင့်လက်တွဲကာ–

ကယ်တင်ခြင်းပျောက်ဆုံးနေသောသူများ၊
နာမကျန်းဖြစ်နေသောသူများ၊
ဒုက္ခရောက်နေသောသူများ၊
ကူညီမစမှုကိုလိုအပ်နေသောသူများ .... အစရှိသည်တို့ကို

ဤလူလေးယောက်ကဲ့သို့ ခရစ်တော်ထံသို့ မရောက်ရောက်အောင် ခေါ်လာမည်လော?။
သို့တည်းမဟုတ်၊
တရားနာသောလူအုပ်ကြီးကဲ့သို့ သခင်ခရစ်တော်ထံသို့ အခြားသူများကို အခွင့်အရေးမပေးဘဲ၊ ဝန်းရံပိတ်ဆို့ထားမည်လော?။

သခင်ခရစ်တော် တစ်ပါးတည်းသာလျှင်၊ လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးနိုင်ပါသည်။ ❑ ❑

ရှင်မာကုခရစ်ဝင်ကျမ်း၊ ၂း၁–၅။

၁ နောက်တနေ့သ၌ ကိုယ်တော်သည် ကပေရနောင်မြို့သို့ဝင်ပြန်၍ အိမ်၌ရှိတော်မူသည်ကို ကြားကြလျှင်၊

၂ တံခါးပြင်နားမှာ နေစရာမရှိနိုင်အောင် လူများတို့သည် အလျှင်အမြန် စုဝေးကြသည်ဖြစ်၍ သူတို့အား တရားဟောတော်မူ၏။

၃ ထိုအခါ လက်ခြေသေသောသူတယောက်ကို လူလေးယောက်တို့သည် ထမ်း၍ အထံတော်သို့ ဆောင်ခဲ့ကြ၏။

၄ လူစုဝေးလျက်ရှိသောကြောင့် ကိုယ်တော်ရင်းသို့ မချဉ်းကပ်နိုင်သဖြင့်၊ ကိုယ်တော်ရှိရာ အပေါ်မှာ အမိုးကိုဖောက်ထွင်းပြီးမှ လူနာနှင့်တကွ အိပ်ရာခုတင်ကို လျော့ချကြ၏။

၅ ယေရှုသည် ထိုသူတို့၏ ယုံကြည်ခြင်း ကိုမြင်လျှင်၊ လက်ခြေသေသောသူအား၊ ငါ့သား၊ သင်၏အပြစ်ကိုလွှတ်စေပြီ ဟု မိန့်တော်မူ၏။

Mark 2:1-5

1 Jesus entered into Capernaum after some days; and it was noised that he was in the house.

2 And straightway many were gathered together, insomuch that there was no room to receive them, no, not so much as about the door: and he preached the word unto them.

3 And they come unto him, bringing one sick of the palsy, which was borne of four.

4 And when they could not come nigh unto him for the press, they uncovered the roof where he was: and when they had broken it up, they let down the bed wherein the sick of the palsy lay.

5 When Jesus saw their faith, he said unto the sick of the palsy, Son, thy sins be forgiven thee.

---

# အကြင်သူသည် ငါ့ကြောင့်အသက်ရှုံး၏။ ထိုသူသည် အသက်ကိုတွေ့လိမ့်မည်။

## ရှင်မဿဲခရစ်ဝင် – ၁၆ း၂၅

သာယာသောနေ့တနေ့တွင် အမေရိကန်နိုင်ငံ၊ North Carolina ပြည်နယ်၊ Kannapolis မြို့၊ Mercy Independent နစ်ခြင်း အသင်းတော်၏ခြံရှေ့၌ ရုံပုံငွေရှာသော ဈေးရောင်းပွဲကို ကျင်းပလျှက် ရှိသည်။ ဓမ္မသီချင်းသံများကိုလည်း ကြားရသည်။ သာယာ ငြိမ့်ညောင်း၍ ငြိမ်သက်စေသည့်အပြင် ခွန်အားရစေသော ဤသီချင်းသံ၏ ဆွဲဆောင်မှုကြောင့် ကြေးစားနပန်းသမားအဖြစ်မှ ဓမ္မသီချင်းအဆိုတော်ဖြစ်လာသော Don Herbert သည် ဇနီးနှင့်အတူ ဤဈေးရောင်းပွဲသို့ရောက်ရှိလာသည်။ ခရီးဦးကြိုဆို နှုတ်ဆက်သော သင်းအုပ်ဆရာ Tim Jones နှင့် အလာပ၊ သလာပ စကားပြော ဖြစ်သည်။ ဆရာက Herbert ကိုအသင်းတော်၌ ဓမ္မသီချင်းဆိုပေးရန် ဖိတ်ခေါ်လိုက်သည်။ ၃ ရက်ကြာ သွားပြီးနောက်၊ ဆရာ Jones က Facebook ၌ Herbert ၏ဇနီးမှ ခင်ပွန်း သယ်အတွက် အရေးတကြီး အရေးပေါ် ကျောက်ကပ်ပေးလှူရန် အကူအညီ တောင်းသော မေတ္တာရပ်ခံချက်တခုကို တွေ့လိုက်သည်။ Herbert သည် အခြေအနေ ဆိုးသော ကျောက်ကပ်ယိုယွင်းပျက်စီးသည့်ရောဂါ အဆင့် ၅ သို့ ရောက်ရှိ နေပြီဖြစ်သဖြင့် ချွတ်ယွင်းနေ

သောကျောက်ကပ်ကို ဖြတ်ထုတ်၍ ကောင်းသော ကျောက်ကပ် တခုဖြင့် အစားထိုးကုသရန် အရေးပေါ်လိုအပ်နေပြီ ဖြစ်သည်။ သို့မဟုတ်က အသက် ဆုံးရှုံးမည်။ ဆရာ Jones သည် ကူညီလိုသော်လည်း ချီတုံချတုံ ဖြစ်နေသည်။ စိတ်ငြိမ်ရန်၊ အမှုတော်ဆောင်ပြီသ၍ ဘုရားသခင်၏အလိုတော်ရှိ သော ကိုယ်ကျိုးစွန့်သည့် စိတ်ဆုံးဖြတ်ချက်ကို မှန်ကန်စွာချနိုင်ရန် ဆုတောင်းသည်။ နှစ်ရက်ကြာသောအခါ ကိုယ့်ကိုယ်ခန္ဓာမှ ကျောက်ကပ် ၂ ခုမှ တခုကို ပေးလှူရန် ဆုံးဖြတ်လိုက်သည်။ ငြိမ်သက်ခြင်းရရှိသည့်အပြင် ဇနီးသည်၏ သဘောတူညီမှုကိုပါ ရရှိသည်။ Herbert တို့လင်မယားကို အကြောင်းကြားလိုက်သော်လည်း ကျောက်ကပ် လှူချင်တိုင်း လှူ၍မရပါ။ ဆရာ Jones ၏ကျောက်ကပ်သည် Herbert ၏ကိုယ်ခန္ဓာနှင့် ကိုက်ညီမှု လိုက်ဖက်မှု ရှိမရှိ ဆေးရုံမှ ဆေးစစ်ရဦးမည်ဖြစ်သည်။ လိုက်ဖက်ကိုက်ညီမှ သာလျှင် ပေးလှူနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ လိုက်ဖက်ကိုက်ညီနိုင်မှု ဖြစ်နိုင်စွမ်းရာနှုန်းမှာ ညီရင်းအစ်ကို မောင်ရင်းနှမအရင်းများ၌ ပင်လျှင် ဖြစ်ရန် ခဲယဉ်းသည်။ ဆွေမတော် မျိုးမစပ်သောသူစိမ်းများ နှင့်ဆိုလျှင် ပို၍ပင် ခက်ခဲသည်။ မျှော်လင့်ချက်နည်းသော်လည်း ဆေးစစ် လိုက်သောအခါ တကယ်လိုက်ဖက်ကိုက်ညီ ကြောင်းကို အံ့သြစွာတွေ့ရသဖြင့် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသသောအစီအစဉ်ကိုပြုလုပ်လိုက်သည်။ ခွဲစိတ်သောနေ့၌ ကောင်းသောကျောက်ကပ်ကိုထုတ်ရန် ဆရာ Jones ကို ခွဲလိုက်သောအခါ မမျှော်လင့်ဘဲ သူ၏ကျောက်ကပ်ကို သွေးပို့ပေးသော အဓိက သွေးလွှတ်ကြောတနေရာ၌ အလွန်ကြောက်စရာ ကောင်းသော ဖောင်းထွက်နေသည့်အဖု Aneurym တခုကို တွေ့လိုက်သည်။ ဤအဖု Aneurym သည် သွေးကြောနံရံ၏ အားအနည်းဆုံး၊ အပါးဆုံးအပိုင်း ဖြစ်နေသဖြင့် အချိန်မရွေး ကွဲအက်ပေါက်ပြဲ၍ ကိုယ်ခန္ဓာအတွင်း၌ သွေးယိုစီးမှုဖြစ်ကာ အသက်ပါဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ခွဲစိတ်ဆရာဝန်ကြီးသည် တချက်ခုတ်၊ နှစ်ချက်ဖြတ်၊ ဆရာ Jones ၏ ကျောက်ကပ်ကို ခွဲထုတ်ရင်း ဒုက္ခမပေးနိုင်အောင် ဤအဖုကိုလည်း ခွဲထုတ်လိုက်ပြီး Herbert ကို ဆရာ Jones ၏ကျောက်ကပ်ဖြင့် အောင်မြင်စွာ အစားထိုးကုသပေးလိုက်သည်။ ခွဲစိတ်ချိန်သည် မူလခန့်မှန်းထားသည်၏ နှစ်ဆဖြစ်သွားသော်လည်း အသက်တချောင်းကို ကယ်မည့် အစားတွင် အသက်နှစ်ချောင်း ကယ်ပြီးသားဖြစ်သည်။

"အကြင်သူသည် ငါ့ကြောင့်အသက်ရှုံး၏။ ထိုသူသည် အသက်ကိုတွေ့လိမ့်မည်။"ဟူ သောရှင်မဿဲခရစ်ဝင် – ၁၆ း၂၅ တွင်ပါသည့်အတိုင်း ဆရာ Jones သည် ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်နာဖြင်းအားဖြင့် တပါးသူ၏အသက်ကို ကယ်တင်ရန် အလွန် အဖိုးထိုက်တန်သောကိုယ့်ကျောက်ကပ်ကို ပေးလှူလိုသော ဆုံးဖြတ်ချက်သည် မိမိ၏အသက်ကိုပင် ကယ်လိုက်သလိုဖြစ်သွားသည်။

ထို့ကြောင့် ဟေရှာယအနာဂတ္တိကျမ်း၊ ၅၅း ၈–၉ တွင်ပါသည့်အတိုင်း ထာဝရဘုရား မိန့်တော်မူသည်ကား၊ "ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည် နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုဃ်းကောင်းကင်သည် မြေကြီးထက် သာ၍မြင့်သကဲ့သို့၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့် ထက်ဒင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ဒင်း၊ သာ၍မြင့်၏။"

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~